# "ရိုဟင်ဂျာ၊ ဝေါဟာရရှင်းတမ်းနှင့် ဒုက္ခပေးလျက်ရှိသော ရိုဟင်ဂျာလူမျိုး အမည်ခံ စစ်တကောင်းသားများ"

**အေးသိန်း**

* ရိုဟင်ဂျာလူမျိုး ဒုက္ခသည်များသည် မောင်တောမြို့နယ်မှ မောင်းထုတ်လိုက်သော မြန်မာနိုင်ငံသား ဒုက္ခသည်များမဟုတ်ပါ။
* မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိကြသော ရိုဟင်ဂျာဒုက္ခသည်များဟု လိမ်ညာပြီးနိုင်ငံခြားတိုင်းပြည်များသို့ ဒုက္ခသည်အဖြစ်ခိုလှုံရန် ကြိုးစားကြသော လူကုန်ကူးခံဘင်္ဂါလားဒေ့(ရှ်) နိုင်ငံမှ စစ်တကောင်းသား ကုလားများသာ ဖြစ်သည်။
* ရိုဟင်ဂျာဟူသော ဝေါဟာရအခေါ်အဝေါ်သည်ပင်လျှင် လူမျိုးစုတစ်စု၏ အမည်မဟုတ်ပဲ "ဒေသသုံး စကားစု" သာ ဖြစ်သည်။
* လိမ်ညာပြောဆိုသော စကားကိုအမှန်ထင်ပြီး နိုင်ငံအချို့ကပင် အတွင်းနိုက်၍မလေ့လာမစုံစမ်းပဲ မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိသော လူမျိုးစုတစ်စုဟု သုံးစွဲလျက်ရှိနေကြသည်မှာ အံ့ဩစရာအလွန်ပင် ကောင်းပါသည်။

"ရိုဟင်ဂျာ ( [illegible] ) ဟူသော ဝေါဟာရ ဆင်းသက်လာပုံနှင့် လုံးကောက် အဓိပ္ပါယ် ရှင်းလင်းချက် ကို ရေးသားဖော်ပြပါမည်။

ဘင်္ဂါလားဒေ့(ရှ်) နိုင်ငံ (ယခင် အရှေ့ပါကစ္စတန်) တွင် နေထိုင်လျက်ရှိသော ဘင်္ဂါလီလူမျိုးများသည် အစ္စလာမ်ဘာသာဝင်များဖြစ်ကြပါသည်။ သူတို့ လူမျိုး ယောက်ျားများဝတ်ဆင်သော အင်္ကျီသည် ပိတ်သားအဖြူ ပါးပါးကို "တင်ပါး" ဖုံးသည်အထိ အင်္ကျီပါးကို အပေါ်မှအောက်သို့ ဖါးလျားချ၍ ဝတ်ဆင်ကြပါသည်။

မြန်မာလူမျိုးများသည် အင်္ကျီကို အရောင်အမျိုးမျိုးနှင့်ဝတ်ဆင်ပြီး အင်္ကျီစကို လုံချည်ထဲသွင်း၍ ဝတ်ဆင်လေ့ရှိကြရာ ဘင်္ဂါလီလူမျိုးများက ရခိုင်လူမျိုးများကိုတွေ့လျှင် "အင်္ကျီကို အရောင်အမျိုးမျိုးနှင့် ဝတ်ဆင်သော လူမျိုး . . . အင်္ကျီစကို လုံခြည်အထဲသွင်း၍ တင်ပါးဖုံးအောင်ဝတ်ဆင်သော လူမျိုး . . . " ဟု ကွယ်ရာတွင် မျက်စပစ်လက်တို့၍ အတင်းအဖျင်းပြောတတ်ကြပါသည်။

ဘင်္ဂါလီလူမျိုးက "အရောင်" (Colour) ကိုရွှင် (Roum) ( [illegible] )ဟု အသံထွက်၍ ပြောဆိုကြပါသည်။ ထို့ကြောင့် ရခိုင်လူမျိုးနှင့် ရခိုင်ဒေသကို ရောင်စုံအဝတ်၊ ဝတ်ဆင်သော လူမျိုးဟု ခေါ်၍ ရခိုင်ဒေသနှင့် ရခိုင်လူမျိုးကို ညွှန်း၍ ပြောဆိုသည့်အခါ "ရွှင်" (Roum) လူမျိုး "ရွှင်ဒေသ" ဟု ပြောဆိုတတ်ကြပါသည်။ (ရခိုင်ကို မောက် (Mulk) ဟုခေါ်သော ဝေါဟာရတစ်လုံးလည်း ရှိပါသေးသည်။ ဤဆောင်းပါးတွင် အကျုံးမဝင်၍မရှင်းပြတော့ပါ။

ဂီ ( [illegible] ) အသံထွက် ဝေါဟာရသည် ဘင်္ဂါလီစာပေတွင် ရှေးဟောင်းကဗျာလင်္ကာ သုံးတော်ဝင်စကာတစ်လုံးဖြစ်ပါသည်။ အဓိပ္ပါယ်မှာ "သွား" (Go) ဟု အဓိပ္ပါယ်ရပါသည်။ ယခုခေတ် "ယာ" နှင့် တွဲ၍ "သွားသည်" ဟူသော အဓိပ္ပါယ်ကို "ဂီယာ" ( [illegible] ) ဟု သုံးနှုန်းပါသည်။

"ဂျာ"ဟူသော ဝေါဟာရသည် နေရာအတည်တကျမရှိ၊ ခြေသလုံး အိမ်တိုင်၊ အစုတ်၊ အနုတ်၊ အောက်တန်းစား (Squatter) ဟု အဓိပ္ပါယ်ရပါသည်။

ထို့ကြောင့် ဝေါဟာရသုံးလုံးကို ပြန်ကောက်လျှင် ရွှင် (Roum) ဝေါဟာရ ၊ အရောင် (Colour) သည် ရခိုင်လူမျိုး၊ ရခိုင်ဒေသကို ဆိုလိုသည်။ "ဂီ" သည် ရခိုင်ပြည်ကို သွားသောလူ . . . "ဂျာ" သည် ဆင်းရဲသား

အိုးမဲ့အိမ်မဲ့လူဟု ဆိုလိုသည်။ အဓိပ္ပါယ်မှာ ရခိုင်သို့သွားသော အိုးမဲ့အိမ်မဲ့လူဟု အဓိပ္ပါယ် ရပါသည်။ "ရွှင်ဂီဂျာ ( [illegible] , မှ ရွှင်ဂျာ - ရိုဟင်းဂျာ" ဟု ဝေါဟာရတစ်လုံးသုံးစွဲလာကြခြင်းဖြစ်သည်။

"ရိုဟင်ဂျာ" သည် လူမျိုးစုနွယ် (Clan) တစ်ခု၏ အမည်ကို ကိုယ်စားမပြုဘဲ "စစ်တကောင်းနယ်မှ ရခိုင်ဒေသသို့ ထွက်ခွာသွားသော ဆင်းရဲသား အိုးမဲ့ အိမ်မဲ့ လူ . . . ဟု အဓိပ္ပါယ်ရသော ဝေါဟာရ စကားစု (ဘမ်းစကား) တစ်လုံးသာဖြစ်သည်။

ဘင်္ဂါလီလူမျိုးနှင့် စစ်တကောင်းသား ကုလားများသည် စာပေအရေးအသားနှင့် အက္ခရာမှာ အတူတူပင် ဖြစ်သော်လည်း စကားပြောသည့်အခါ လုံးဝမတူကြပါ။ စစ်တကောင်းမြို့နယ်တွင် နေ၍စစ်တကောင်းသားဟု ခေါ်ခြင်းဖြစ်ပါသည်။ စစ်တကောင်းတွင်နေသောကုလားနှင့် မောင်တောမြို့နယ်တွင် နေထိုင်သော ကုလားများမှာ လေယူလေသိမ်း အသံအနိမ့်အမြင့် အနည်းငယ်ကွာခြားသည်မှအပ ပင်ရင်းဘာသာစကားမှာ အတူတူ ပင်ဖြစ်သည်။

ရွှင်ဂီဂျာ (ရိုဟင်ဂျာ) ဝေါဟာရသည် ယခုမှ ပေါ်ပေါက်လာသည် မဟုတ်ပါ။ ကမ္ဘာကျော် ဘင်္ဂါလီ ကဗျာဆရာကြီး "တဂိုး" စပ်ဆိုခဲ့သော ကဗျာ (Verse) များတွင်လည်း "ရိုဂင်ဂျာ" ကဗျာတစ်ပုဒ် ပါရှိသည်ဟု ပြောစမှတ်ပြုကြပါသည်။ (မှန်မမှန်ကိုတော့ စာရေးသူ အတိအကျမသိပါ) ရွှင်ဂီဂျာ (ရိုဟင်ဂျာ) ၏ ကဗျာကို ဘင်္ဂါလီလူမျိုးများက ဂန္ထဝင်မြောက် ကဗျာတစ်ပုဒ်အဖြစ် သတ်မှတ်ထားရှိပါသည်။



ရွှင်ဂီဂျာ (ရိုဟင်ဂျာ) ကဗျာ၏အဓိပ္ပါယ်မှာ -

သားရယ် . . . နွားကိုရောင်းပြီး . . . သားရယ် ရန်ကုန်သို့ မသွားပါနဲ့ . . .

ရန်ကုန်မှာသွားတဲ့သူရယ် . . . ရန်ကုန်မှဗမာအမျိုးသမီးများက မူယာမာယာတွေ အလွန်များတယ်

ဆူးတွေပတ်ခြာလည် ဝိုင်းနေတဲ့ ပန်းကလေး ပန်းငုံတစ်ပွင့်သာဖြစ်တယ်

သားကို မျက်စပစ်ပြီး လက်ယက်ခေါ်နေတယ် . . . ဟူ၍ပင်ဖြစ်သည်။ ယင်းကဗျာကို ကလေးများနှင့် မိန်းမများက ဖယင်ကျူးသလို အသံကို ဆွဲ၍ဆိုလေ့ရှိကြပါသည်။

ဘင်္ဂါလားဒေ့(ချ်)နှင့် ရခိုင်ဒေသပထဝီအနေအထားနှင့် ပတ်ဝန်းကျင်သမိုင်းကောက်ကြောင်း ဆက်စပ်မှု (The History of Geographic Environment Science) ကို ဆက်လက်၍ ရေးသားပါမည်။

ရှေးရှေးအခါက အိန္ဒိယတိုက်နယ်ထဲတွင် ယခုဘင်္ဂါလားဒေ့(ချ်) ဒေသလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရခိုင်နှင့် နယ်စပ်ခြင်းထိစပ်နေသော ဒေသဖြစ်ခဲ့၍ ဘင်္ဂါ(၁၂) မြို့ကို နှစ်ပေါင်း (၁၀၀) ကျော်ခန့် ရခိုင်ဘုရင်များ၏ လက်အောက်ခံဒေသဖြစ်ခဲ့သည်။ သမိုင်းကြောင်းကိုဆွဲဆန့်ကြည့်လိုက်လျှင် လွန်ခဲ့သောနှစ်ပေါင်း

တစ်ထောင်ကျော်ကာလကပင် နယ်မြေခြင်း ထိစပ်နေ၍ ရခိုင်၏အားသက်ရောက်မှုကို အများဆုံးခံခဲ့ရသော ဒေသတစ်ခုဖြစ်ခဲ့သည်။ ထိုခေတ် ထိုအခါကပင် ယခု ဘင်္ဂါလားဒေ့(ချ်) နယ်မြေသည် ရခိုင်လူမျိုး အများစု အိုးအိမ်အတည်တကျ အခြေချ၍ နေထိုင်လျက်ရှိခဲ့သော ဒေသတစ်ခုဖြစ်ခဲ့သည်။ ရခိုင်ဘုရင်များ တန်းခိုးအရှိန် အဝါထွန်းတောက်စဉ်ကာလက မြို့တော်မြောက်ဦးတွင် နိုင်ငံခြားသားဟူ၍ တာဝန်းထမ်းဆောင်လျက်ရှိကြသော ဂျပန်ဆာမူရိုင် စစ်သားအချို့၊ ပေါ်တူဂီစစ်သားများနှင့် ကြေးစား အာရပ်စစ်သား (ယခု ကမန်လူမျိုး)* အနည်းငယ်မှလွဲ၍ စစ်တကောင်းသားကုလားများ မရှိသလောက်ပင် နည်းပါးပါသည်ဟု ဆို၍ရပါသည်။

ဒတ်(ချ်)တို့၏ စီးပွားရေး 'စျေးကွက်' အတွင်း ကျရောက်ခဲ့သော ရခိုင်နှင့် မဂိုဘုရင်များသည် စီးပွားရေးအား ပြိုင်မှုရှိစဉ်ကာလကလည်း ဒေလီမှ မဂိုဘုရင်များနှင့်သာ ထိပ်တိုက်တွေ့ခဲ့ရသော သမိုင်းမှတ်တမ်းများရှိပါသည်။ စစ်တကောင်းသား ကုလားများ အရေးပါမှုလုံးဝမရှိခဲ့ပါ။

ထိုစဉ်က ယခုဘင်္ဂါလားဒေ့(ချ်)ဒေသတွင် ရခိုင်လူမျိုး ၅ သောင်းခန့် အိုးအိမ်အတည်တကျ နေထိုင်လျက် ရှိခဲ့သည်ဟု ခန့်မှန်း၍ရပါသည်။

ခရစ်နှစ် ၁၇၈၄ ခု ဘိုးတော်ဘုရားအရေးအခင်းတွင် ရခိုင်များ ဘင်္ဂါလားနယ်သို့ အလုံးအရင်းနှင့် ဝင်ရောက်သွားခဲ့ရာ ရခိုင်လူဦးရေ ၁ သိန်းကျော် ၂ သိန်းနီးပါး ရောက်ရှိသွားခဲ့ပါသည်။ ဘင်္ဂါလားနယ်မြေသည် ရခိုင်ပြည်၏ အနောက်ဘက်တွင်ရှိနေ၍ ထိုဒေသတွင် နေထိုင်လျက်ရှိကြသော ရခိုင်သားများကိုလည်း အနောက်ပြည်သား ရခိုင် (အနောက်သား) ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။

ရခိုင်များ ယခုတိုင်နေထိုင်လျက်ရှိကြသော မြို့ရွာများမှာ -

အဝက္ကျွန်း၊ ဖလောင်းချိက်၊ ပတ်တလီ၊ တောင်ရွှေရွာ၊ ဆယ်ကြီး၊ စုပ်ကရာ၊ ရာမူ၊ ပင်းဝါ၊ ဟာလပင်း၊ မဟာစိုး၊ ရွာသစ်၊ စိုင်းဒါး၊ စစ်တကောင်း၊ ကယုချောင်း၊ နတ်မြစ်ရွာ၊ မြစ်နားရွာ၊ ခံပြင်၊ အောက်သားဘက်၊ ဗိုလ်မင်းထောင်၊ သက်ထောင်၊ ဖလံထောင်၊ မြို့ထောင် စသည့်ရွာများဖြစ်သည် . . . ။

ရခိုင်ဘုရင် မင်းရာဇာကြီးသည် ဟံသာဝတီပဲခူးသို့ စစ်လာတိုက်ပြီး မင်းညီမင်းသားအများစုကို ဖမ်းခေါ်လာစဉ်ကလည်း ရခိုင်ဘုရင်ပိုင်နက်ဖြစ်သော ဘင်္ဂါလားနယ် ဗိုလ်မင်းထောင် ဒေသကို နယ်မြေစားအဖြစ်ခန့်ထားခဲ့၍ ယနေ့ထက်တိုင် သူတို့သည် တောင်တန်းဒေသစော်ဘွားအဆင့်ဖြင့် အိမ်ခြေရရနေထိုင်လျက်ပင် ရှိကြပါသေးသည်။ နယ်ချဲ့အင်္ဂလိပ်ခေတ် အရေးပိုင် (D.C.) များပင် လေးလေးစားစားနှင့် ဂါရဝပြု၍ လာရောက်လေ့ရှိပါသည်။

ဗြိတိသျှအစိုးရသည် ၁၈၂၆ ခုနှစ် ချုပ်ဆိုသော ရန္တပိုစာချုပ်အရ မြန်မာနိုင်ငံကို သိမ်းယူခဲ့သည့်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံတွင်းသို့ လုပ်အားခ စျေးပေါပေါနှင့်ရသော အိန္ဒိယတိုက်သား ကုလားများကို အလုပ်သမားအဖြစ် ခေါ်ယူအသုံးချခဲ့ကြသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် အိန္ဒိယတိုက်မှ ကုလားများ အလုံးအရင်းနှင့် အတားအဆီးမရှိ ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။

ရခိုင်ဒေသတွင် မိုးရာသီနှင့် ဆောင်းရာသီတွင် စပါးစိုက်ချိန် စပါးရိတ်သိမ်းချိန်များတွင် စစ်တကောင်းသား ကုလားအများစုဝင်ရောက် လာခဲ့ကြသည်။ အလားတူ ပျဉ်းမနားဝန်းကျင်တွင် ကြံစိုက်ရန်အတွက်လည်းကောင်း ဟိန္ဒူလူမျိုးများသည် မော်လမြိုင်မြို့ ကျောက်တစ်လုံးအနီး ရာဘာစိုက်လုပ်သားများအဖြစ် ရွာကြီးများတည်၍ အခြေချလာခဲ့ကြသည်။

ရခိုင်ဘက်တွင် စစ်တကောင်းသား ကုလားအများစုဖြစ်ပြီး ပြည်မဘက်တွင် ဟိန္ဒူနှင့်ဘင်္ဂါလီလူမျိုး အများစုဝင်ရောက်လာခဲ့ကြသည်။

ဗြိတိသျှကိုလိုနီခေတ် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြသော အိန္ဒိယတိုက်သားများနှင့် ၁၉၄၈

* ကမန် - ဘင်္ဂါလီစကား အမြောက် (Cannon) တပ်သား

ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရလာပြီးနောက်ပိုင်း ဝင်ရောက်လာသော အုပ်စုကို နှစ်ကာလတစ်ခုစီ ကဏ္ဍခြား၍ လှုပ်ရှားမှုများကို ဖော်ပြပါမည်။ ဗြိတိသျှကိုလိုနီခေတ်က ဝင်ရောက်လာသော အိန္ဒိယတိုက်သားများ သည် (တရုတ်လူမျိုးအပါအဝင်) မြန်မာနိုင်ငံသားများနှင့် ဆိုးတူကောင်းဘက် အတူတကွ "နိုင်ငံရေးမပါ" မြန်မာနိုင်ငံ မြန်မာလူမျိုး၏ အကျိုးကိုသယ်ပိုး၍ တိုင်းရင်းသားများနှင့် ညီရင်းတမျှနေထိုင်ခဲ့ကြသည်ဟု ကောက်ချက်ချ၍ ရပါသည်။ (ဦးရာဇတ် အာဇာနည်ကုန်း ရောက်နေသည်က သာဓကပြလျက်ရှိပါသည်။)

အလားတူ ယနေ့ထိ ဘင်္ဂါလားဒေ့(ရှ်) တွင် နေထိုင်လျက်ရှိကြသော ရခိုင်သားများသည်လည်း ဘင်္ဂါလားဒေ့(ရှ်)လူမျိုးများနှင့် ဆိုးတူကောင်းဘက် အတူတကွ လက်တွဲ၍ နေထိုင်လျက်ရှိကြပါသည်။

သာဓကတစ်ခုကို ထုတ်ပြရလျှင် ၁၉၇၁ ခုနှစ် အနောက်ပါကစ္စတန်နိုင်ငံမှ အရှေ့ပါကစ္စတန် (ဘင်္ဂါလားဒေ့(ရှ်)) ခွဲထွက်စဉ်အခါက ရှေ့တန်းမှပါဝင်တိုက်ခိုက်ခဲ့သော ဒုတိယဗိုလ်မှူးကြီး (တပ်ချုပ်) ဦးကျော်ဦး သည် ပင်းဝါမြို့ သားရခိုင်လူမျိုး တစ်ဦးပင်ဖြစ်သည်။ မကြာသေးမီ နောက်ဆုံးသတင်းအရဆိုလျှင် ဘင်္ဂါလားဒေ့(ရှ်)လူနည်းစု ဝန်ကြီးဌာနတွင် ခန့်ထားသောအမတ်တစ်ဦးမှာ ရခိုင်အမျိုးသမီးတစ်ဦးပင် ဖြစ်သည်ဟု သိရပါသည်။

ထို့ကြောင့် နိုင်ငံခြားသားလူမျိုးတစ်မျိုးကို အကြောင်းအမျိုးမျိုးကို ထောက်၍ လူမျိုးမရွေးဘာသာမရွေး လူသားအချင်းချင်း စာနာထောက်ထားပြီး နိုင်ငံတစ်နိုင်ငံက လက်ခံထားရစေကာမူ အခွင့်အရေးပိုမတောင်းရန် ပိုမယူရန် အမိနိုင်ငံသားများ စိတ်အနှောင့်အယှက်မဖြစ်စေရန် ကျေးဇူးတရားကို ထောက်ထား၍ ဆင်ခြင်သင့် ပါသည်။

အစ္စလာမ်ဘာသာ "ကိုရမ်ကျမ်း" တွင် အစ္စလာမ်ဘာသာဝင်တစ်ဦးသည် မည်သည့်နိုင်ငံ မည်သည့်ဒေသ တွင်မဆို နေထိုင်စေကာမူ ထိုနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရိုသေလေးစားလိုက်နာရမည်ဟု အတိအလင်း ဖော်ပြထားရှိပါသည်။

**လူမျိုးမရွေးဘာသာမရွေး မိခင်နိုင်ငံမှ အဝေးရောက်နိုင်ငံခြားသားတိုင်း လိုက်နာရမည့် 'နိုင်ငံတကာစံ' တစ်ခုဟုဆို၍ ရပါသည်။**

နိုင်ငံတစ်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေသည် ထိုနိုင်ငံ၏ လုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေးအတွက် နိုင်ငံတိုင်းတွင် ထားရှိသော ဥပဒေတစ်ရပ် (ဝါ) ကာကွယ်ထားသော "ဒိုင်း" ဖြစ်ပါသည်။ မိမိနိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်လာသော ဧည့်သည်များကို ကာကွယ်တားဆီးရန် အစိုးရတိုင်း၊ တိုင်းရင်းသားတိုင်းတွင် တာဝန်ရှိပါသည်။ ထိုကဲ့သို့ ကာကွယ်တားဆီးနေသည့် ကြားကပင် မောင်းတော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် ၈၀ ရာနှုန်းခန့် စစ်တကောင်းသား ကုလားများ လွှမ်းမိုးသွားပြီဖြစ်ပါသည်။ ယခင်က မောင်းတောမြို့တစ်ခုတည်းမှာပင် ရခိုင်ရွာပေါင်း (၁၉၂) ရွာ ရှိခဲ့ရာ ယခုတစ်ရွာမှ မရှိတော့ပါ။ အကြောင်းအမျိုးမျိုးပြ၍ စဉ်ဆက်မပြတ် ကျူးကျော်ဝင်ရောက်လျက်ရှိနေသည်ကို မြန်မာနိုင်ငံသားတိုင်း စိတ်မကောင်းကြီးစွာဖြင့် ယူကျုံးမရမြင်တွေ့နေရပါသည်။

ဤမျှလောက် လှိုင်းလုံးကြီးပမာ ဝင်ရောက်လျက်ရှိနေကြသော စစ်တကောင်းသား ကုလားများကို "မချစ်သော်လည်း အောင့်ကာနမ်း" ဆိုသလို လူသားအချင်းချင်း စာနာထောက်ထား၍ မြန်မာနိုင်ငံအစိုးရ သည် ခိုလှုံနားနေခွင့်ပေးထားခဲ့ပါသည်။ ကမ္ဘာပေါ်တွင် ဤမျှလောက် သဘောကောင်းသော နိုင်ငံရှိလိမ့်မည်မဟုတ် ပါ။ ယခုတလော ကျီးအာသလို အာနေကြသော နိုင်ငံအချို့သည် မြန်မာနိုင်ငံ ကြုံတွေ့နေရသော အခက်အခဲ ကို သူတို့မသိ၍မဟုတ်ပါ . . . ။ လူသားခြင်း စာနာထောက်ထားရန်ဟူသော အကြောင်းပြချက်မှတစ်ခုတည်းနှင့် ပြဿနာတစ်ခုကို ဖြေရှင်းရန်လုံလောက်မှုမရှိသေးပါ။

နိုင်ငံတစ်နိုင်ငံအတွင်း ဤမျှများပြားစွာ ဝင်ရောက်လျက်ရှိနေကြသော နိုင်ငံခြားသား အရေအတွက်သည် ဒေသခံနိုင်ငံအတွက် မည်မျှအန္တရာယ်များကြောင်း ယနေ့ကမ္ဘာ့ဖြစ်ရပ် အမျိုးမျိုးဒုက္ခအဖုံဖုံက သက်သေပြလျက်ရှိပါသည်။

သာဓက အချို့ကို ဖော်ပြပါမည်။ စင်္ကာပူကျွန်းသည် မလေးရှားနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဗြိတိသျှအစိုးရသည် တရုတ်လူမျိုးနှင့် အိန္ဒိယနိုင်ငံသားများကို ဥပဒေမဲ့အတားအဆီးမရှိ ဝင်ရောက်ခွင့်ပေးခဲ့သည်။

မလေးလူဦးရေ အနည်းငယ်သာရှိသော စင်္ကာပူကျွန်းတွင် မလေးနိုင်ငံကို လွတ်လပ်ရေးပေးသော 'အခါ ကျန်နိုင်ငံခြားသားအများစုဖြစ်သော  တရုတ်နှင့် ကုလားများက မလေးရှားနှင့် ပူးပေါင်းရန် သဘောမတူခဲ့ပါ။ နောက်ဆုံး အမိနိုင်ငံ မလေးရှားသည် စင်္ကာပူကျွန်းကို လက်လွှတ်ခဲ့ရပါသည်။

**ဗြိတိသျှအစိုးရသည် သူတို့နေထိုင်လျက်ရှိသော ဗြိတိသျှကျွန်းကို စင်္ကာပူကျွန်းပုံစံမျိုး မည်သည့်အခါမှ ပြုကျင့်လိမ့်မည်မဟုတ်ပါ။**

အလားတူ လှေကိုစိုက်ပျိုးရန် ဝင်ရောက်လာခဲ့ကြသော အိန္ဒိယနိုင်ငံသား "တမီး(လ်)လူမျိုးများသည် သီရိလင်္ကာကျွန်းမြောက်ပိုင်းကို "တိုက်ဂါး"ဟူသော  တော်လှန်ရေးအဖွဲ့အစည်းအမည်ဖြင့်  ကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်း၍ တိုက်ပွဲဝင်လျက်ရှိနေကြသည်မှာ အများအသိပင်ဖြစ်သည်။ အလားတူ ထိုင်းနိုင်ငံသည် အစဉ်အလာ ဗုဒ္ဓဘာသာနိုင်ငံ တစ်နိုင်ငံပင်ဖြစ်သည်။ ယခုအခါ ထိုင်းနိုင်ငံ၏ တောင်းပိုင်ဒေသကို မူစလင်များက ခွဲထွက်ရန် အရေးဆို၍  တောင်းဆိုနေကြပြီဖြစ်သည်။

**ကမ္ဘာပေါ်တွင်  နိုင်ငံတစ်နိုင်ငံဟု  အသိအမှတ်ပြုထားသော  နိုင်ငံနယ်နိမိတ်သည်  အဓိကမဟုတ်ပါ။ ယင်းနေရာ ယင်းဒေသတွင် နေထိုင်လျက်ရှိကြသော "လူနယ်နိမိတ်" သည်သာလျှင် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အစစ်အမှန်ဖြစ်တတ်ကြောင်း များစွာအလေးထားဆင်ခြင်အပ်ပေသည်။**

**ထို့ကြောင့် မြန်မာနိုင်ငံအစိုးရ လူဝင်မှုကြီးကြပ်ရေးဌာန၏ ဆောင်ပုဒ်တစ်ခုမှာ "မြေမျို၍ လူမျိုးမပျောက်၊ လူမျိုးမှလူမျိုးပျောက်မည်" ဟု ရုံးရှိန်ရုံတွင် ချိတ်ဆွဲထားရှိသည်မှာ မြန်မာအမျိုးသားတိုင်း အလေးထားအပ်သော  ဆောင်ပုဒ်တစ်ခုဖြစ်ပါသည်။*****

မြန်မာနိုင်ငံရောက် စစ်တကောင်းသား ကုလားများသည် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရလာ၍ ဖဆပလခေတ်ကာလတွင် ရခိုင်ဒေသကို အများဆုံးဒုက္ခပေးသော လူမျိုးစုဖြစ်လာပါသည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်း ဗြိတိသျှတပ်များ ဆုတ်ခွာ၍ အုပ်ချုပ်ရေး ယန္တရား ပျက်ပြားနေချိန်တွင် အခွင့်ကောင်းကိုယူ၍ ဆိုးဆိုးဝါးဝါး အလွန်ပင် ထကြွသောင်းကြမ်းခဲ့ကြပါသည်။ ၁၉၄၂ - ခုနှစ် ဘူးသီးတောင်မြို့တွင် အရေးပိုင် ဦးကျော်ခိုင် အသတ်ခံခဲ့ရပါသည်။ မောင်းတောမြို့  သရီကုန်းကျေးရွာတွင်  အလုပ်ကိစ္စနှင့်အသွား  နယ်ပိုင် ဦးထွန်းဦး အသတ်ခံခဲ့ရသည်။

ကမ္ဘာပေါ်တွင် စံတင်ရလောက်အောင် ရက်စက်မှုတစ်ခုကို ဤဆောင်းပါးတွင် ဖော်ပြပါမည်။ ၁၉၅၁ ခုနှစ်  မောင်တောမြို့မှ  မြေတိုင်းစာရေးများ  ဖြစ်ကြသော  ဦးကျွန်ဒေါင်း  နှင့်  ဦးမောင်မောင်ဦးတို့သည် ၆ ဂ် ါလာကြီးကျေးရွာသို့ အသွား မူဂျာဟိမ်းသူပုန်ခေါင်းဆောင်ကာဆိမ်းတို့အဖွဲ့က ဖမ်းဆီး၍ နားရွက် ၂ ဘက်နှင့် နှာခေါင်းထိပ်ဖျားများကို အရင်းမှနေ၍ မုတ်ဆိတ်ရိတ်ဘလိတ်ဓါးနှင့် လှီး၍ ပြန်လွှတ်လိုက်ခြင်းပင်ဖြစ်သည်။

မူဂျာယိမ်းသူပုန်ခေါင်းဆောင် ကာဆိမ်းအပြင် ဇာဖါဟူဆိမ်း၊ ဒူဒူမျာ၊ အိုဝင်အူလာ တို့သည် တစ်ဗိုလ်ကျ တစ်ဗိုလ်တက်နှင့် နှစ်ပေါင်း (၄၀) ကျော် မြေလှန်စနစ်သုံး၍ ယုတ်မာရက်စက်စွာ လူပေါင်း ၁၀၀ ကျော်ကို သတ်ဖြတ်ခဲ့သည်။

***အေးသိန်း ရေးသားသော "လူဦးရေ ထိန်းချုပ်ရေးမှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးသို့" စာအုပ် စာမျက်နှာ (၁၃၂) မှ

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ် ကာလအတွင်း လက်နက်ကိုင် သောင်းကျန်း၍တစ်ဖုံ နိုင်ငံရေး စင်မြင့်ပေါ်တက်၍တဖုံ၊ အမျိုးမျိုးအကြောင်းပြပြီး တောင်းသင့် မတောင်းသင့် ဖြစ်နိုင်၊ မဖြစ်နိုင် မစဉ်းစားဘဲ လွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်အထိပင် လက်ရဲဇက်ရဲ တောင်းဆိုလာခဲ့ကြသည်။

*၁၉၅၀ ခုနှစ် မောင်တောမြို့နယ် အလယ်သန်ကျော်ညီလာခံမှ တောင်းဆိုခဲ့ကြသော အချက်များမှ (၁၂) ချက်ကို အနှစ်ချုပ်၍ ဖော်ပြရလျှင်-*

- *ရခိုင်နယ်မြေ မြောက်ပိုင်းကို မူဆလင်သီးခြားပြည်နယ်ထူထောင်ရန် (ဆိုလိုသည်မှာ မောင်တော၊ ဘူးသီး တောင်၊ ရသေ့တောင် မြို့နယ်အထိကို ဆိုလိုသည်)*
- *ရခိုင်ပြည်နယ် တောင်းပိုင်းကို ရခိုင်နှင့် မူဆလင် ၅၀ ရာနှုန်းစီအခွင့်အရေး တန်းတူပေးရမည်ဟု တောင်း ဆိုခဲ့ကြသည်၊*

သူတို့နှင့် ထိုက်တန်သော ချေပပြောဆိုရန် စကားလုံးပင်ရှာ၍ မရပါ။ နေစရာမရှိ သနား၍ အိမ်ပေါ်ခေါ်တင်ထားသည်။ ထမင်းဝလာသောအခါ အိမ်ကို အပိုင်စီးချင်၍ အိမ်ရှင်ကို နှင်ချသည်နှင့် လာတူသည်ဟု ပြောရပါမည်။

တင်ပြရန် နောက်တစ်ချက် ကျန်ပါသေးသည်။ စစ်တကောင်းသား ကုလားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်၍ အခြေချလာသည်မှာ နှစ် ၁၅၀ မကျော်သေးပါ။ သမိုင်းမှတ်တမ်းများက သက်သေထူလျက်ရှိပါသည်။

ဘင်္ဂါလားဒေ့(ချ်)ဒေသတွင် ရခိုင်များ အခြေချနေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းတစ်ထောင်ပင် ကျော်လွန်လာခဲ့ပြီးဖြစ်ပါသည်။ ယနေ့ထိ မည်သည့်ရခိုင်သားကမှ ဘင်္ဂါလားဒေ့(ချ်) ဒေသမှ ရခိုင်ဒေသခွဲထွက်ရန် တောင်းဆိုမှု လေသံပင်မကြားဘူးပါ။ ဤကိစ္စကို မြင်တတ်ရန် လွန်စွာအရေးကြီးပါသည်။ ရခိုင်များသည် ဘင်္ဂါးလားဒေ့(ချ်) ဒေသတွင် နှစ်ပေါင်း ထောင်ချီ၍အနေကြာလာခဲ့ပြီဖြစ်သော်လည်း နယ်မြေပိုင်ဆိုင်မှု ဧရိယာတလက်မကိုမျှ လိုချင်မက်မောမှုမရှိခဲ့ပါ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးပီပီ လူမျိုးဂုဏ်၊ ဇာတိဂုဏ် ကိုသာ ထိန်းသိမ်း၍ အေးတူပူအမျှ လက်တွဲ၍ နေထိုင်လာခဲ့ကြပါသည်။ ရခိုင်အမျိုးသားတစ်ယောက်သည် စစ်တကောင်းသူအမျိုးသမီးတစ်ဦးကို လုံးဝစိတ်မဝင်စားသလို ရခိုင်အမျိုးသမီးတစ်ယောက်သည်လည်း နှစ် ၁၀၀ အတွင်းမှာ ကုလားအမျိုးသားတစ်ဦးနှင့် ခြေချော်လက်ချော်ပင် မရှိခဲ့ပါ . . ။ မည်သည့် နိုင်ငံမှာပင်မဆို နယ်စပ်ခြင်းထိစပ်နေသော ဒေသတွင် "ကပြား" များရှိကြသည်မှ ဓမ္မတာဟုပင် ဆိုရိုးစကားရှိခဲ့သော်လည်း ဘင်္ဂါလားဒေ့(ချ်) တွင် ရခိုင်မူဆလင် ကပြားတစ်ယောက်မှမရှိသည်မှာ အံ့သြစရာအလွန်ပင်ကောင်းပါသည်။

လူမျိုးမတူ ဘာသာမတူသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြ၍ အတူတကွနေကြသည်မှာ အလွန်ပင်ချစ်စရာကောင်းသောဓလေ့ တစ်ခုကို တွေ့နိုင်ပါသည်။ သာဓက တစ်ခုကို ထုတ်နှုတ်တင်ပြမည်။ လွန်ခဲ့သော နှစ် ၁၀၀ ကျော်က ပင်းဝါသား ရခိုင်ပွဲစားကြီး ဦးချီစားရှီ (U Khe, Sa , Rhee) က ကျောင်းကန်ဘုရား ရေတွင်းအပါအဝင် အထက်တန်းကျောင်းတစ်ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ဘူးပါသည်။ ကျောင်း၏အမည်မှာ The Ramu Khe Sa Rhee English High School ဟု အမည်တပ် ခေါ်ဝေါ်ခဲ့ပါသည်။ ယင်းကျောင်းသည် လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က မီးလောင်သွားခဲ့ရာ ဘင်္ဂါလားဒေ့(ချ်) အစိုးရက အသစ်ဆောက်လုပ်ပေးခဲ့ပါသည်။ ကျောင်းအမည်ကိုပြောင်း၍ Ramu Government High School ဟု အမည်ပြောင်းခဲ့ပါသည်။ ထိုအခါ ရာမူမြို့တွင် နေထိုင်ကြသော ကုလားများက ဦးချီစားရှီ၏ အမည်ကို မဖျောက်ဖျက်ပါနဲ့ သူ့ကျေးဇူးအလွန်ကြီးမားပါတယ် ကျောင်း၏အမည်ကို ယခင်နာမည်ထားပေးဟု ဆန္ဒပြတောင်းဆိုခဲ့၍ အစိုးရကပင် လိုက်လျော၍ ယခင်နာမည်ဟောင်းကို ပြန်ပြောင်း၍ပေးခဲ့ရပါသည်။ ဤမျှအထိပင် ဘင်္ဂါလားဒေ့(ချ်) တွင် နေထိုင်ကြသော ရခိုင်များနှင့် ဒေသခံလူများမှာ တစ်သွေးတည်းတစ်သားတည်း အတူတကွ နေထိုင်

လျက်ရှိကြသည်ကို ရခိုင်ပြည်နယ်ရောက် စစ်တကောင်းသားများက နမူနာယူသင့်ပါသည်။ ဘင်္ဂါးလားဒေ့(ရှ်) ရောက် ရခိုင်အနောက်သားများနှင့် ရခိုင်ရောက် စစ်တကောင်းသားများ၏ ပြုမူချက်သည် အထက်တွင်ရေးပြခဲ့သလို မိုးနှင့်မြေလို ကွာခြားပါသည်။ အကျယ်မရေးတော့ပါ။ မြန်မာရောက် မူစလင်များက တစ်ဘက်သက် အနိုင်ယူမှုကြောင့် မြန်မာအမျိုးသမီးများစွာ နစ်နာခဲ့ရ၍ ဘာသာကွဲ လူမျိုးခြား အမျိုးသားများနှင့် အိမ်ထောင်ပြုသော ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများ၏ တစ်ဖက်သက်နစ်နာချက်များကို ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင် မိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို ပြဋ္ဌာန်းပြီးအကာအကွယ်ပေးခဲ့ရသည်အထိ နိုင်ငံတော်အစိုးရက လုပ်ဆောင်ခဲ့ရပါသည်။

နောက်ထပ်အဖြစ်အပျက်တစ်ခုကို တင်ပြပါမည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှရေတပ် စခန်းဖြစ်သောစကၠာပူကျွန်းကို ဂျပန်များ သိမ်းပိုက်ပြီးနောက်ပိုင်း မြန်မာနိုင်ငံရောက် ကုလား (၄) သိန်းကျော်ခန့် ကလေးတမူးလမ်းကြောင်းမှတဆင့် အမိနိုင်ငံ အိန္ဒိယသို့ ခိုလှုံခဲ့ရပါသည်။ နိုင်ငံခြားသား တစ်ဦးသည် မည်မျှပင် နှစ်ပရိစ္ဆေဒ ကြာညောင်း၍ အဝေးရောက်နေထိုင်စေကာမူ သူတို့၏ ဘိုးစဉ်ဘောင်ဆက်အမိမြေ (ဘူမိနက်သန်မြေ)ကို စိတ်ထဲဖျောက်ဖျက်၍ မရပါ။ အရေးကြုံ၍ လူတစ်ယောက် ဒုက္ခရောက်လာလျှင် "အမေလဲ" (အမေဘယ်မှာလဲ) (ကုလားလို အိုမာ) ဟု အမေ့ကိုတကြိမ်မြဲပါ မြန်မာပြည်ရောက် ကုလားအမျိုးသားများ အရေးကြုံ၍ အိန္ဒိယနိုင်ငံသို့ ပြန်ကြသလို နှစ်ပေါင်းထောင်ချီ၍နေထိုင်လာကြပြီဖြစ်သော ဘင်္ဂါလားဒေ့(ချ်)ရောက် ရခိုင်သားများ သည်လည်း အမိမြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြရသည်သာဖြစ်ပါသည်။

ဘင်္ဂါလားဒေ့(ချ်) ရောက် ရခိုင်သား (အနောက်သား) များ အချိန်အရွေးမြန်မာနိုင်ငံသို့ ပြန်လာ၍ ရပါသည်သားသမီးများ အဝေးရောက်နေသော်လည်း အခြေအနေမလှ၍ ပြန်လာခဲ့သောအခါ မိဘသည် အိမ်ပြန်လာသော သားသမီးကို နှင်ချရိုး ထုံးစံ မရှိပါ။ အချိန်မရွေးမိဘများက ခရီးဦးကြိုဆိုလျက် လက်ခံရစမြဲပင် ဖြစ်ပါသည်။

ဘင်္ဂါလားဒေ့(ချ်)နိုင်ငံတွင် လူဦးရေ သန်း ၁၄၀ ကျော်ရှိပါသည်။ မောင်တောမြို့နယ်မှ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်လာသော စစ်တကောင်းသား ကုလား (သူတို့အပြော ရိုဟင်ဂျာလူမျိုး) ဦးရေသောင်းဂဏန်းသည် ပင်လယ်သမုဒ္ဒရာထဲကျလာသော အပ်တစ်ချောင်းထုထည်ပမာဏလောက်သာ ရှိပါသည်။ လူလှုံ့ကျလာ၍ ပြည်သူများဒုက္ခရောက်စရာအကြောင်းမမြင်ပါ။

မြန်မာနိုင်ငံ အစိုးရကအဝေးရောက်နေသော နိုင်ငံသူနိုင်ငံသားများအတွက် ထုတ်ပြန်ထားသော ဥပဒေတစ်ခုကို အောက်တွင်ဖော်ပြလိုက်ပါသည် -

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ
လူဝင်မှုကြီးကြပ်ရေးဌာန

မှ

ဦးဘဆိုင်
လူဝင်မှုကြီးကြပ်ရေးမင်းကြီး
ရန်ကုန် ၊ မြန်မာပြည်

သို့

လူဝင်မှုကြီးကြပ်ရေးအရာရှိများအားလုံး (အိန္ဒိယအပါအဝင်)

ရက်စွဲ၊ ၁၉၄၈ ခု၊ ဧပြီလ (၃) ရက်
(ရန်ကုန်)

အကြောင်းအရာ ။ ။ မြန်မာတိုင်းရင်းသားများနှင့် ပြောင်းရွှေ့လာသူ ရခိုင်ဗုဒ္ဓဘာသာဝင်များအား လူဝင်မှုဥပဒေနှင့် နိုင်ငံသားဥပဒေအရ လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုပေးပါရန်ကိစ္စ

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဥ်း၍ လက်ရှိမြန်မာနိုင်ငံ၏ဖွဲ့စည်းပုံဥပဒေအရ၊ မြန်မာနိုင်ငံတိုင်းရင်းသားမိဘ (၂)ပါးမှ မွေးဖွားလာသူတိုင်းသည် မည်သည့်အရပ်ဒေသ တွင် မွေးဖွားစေကာမူ လူဝင်မှုဥပဒေအပိုဒ် (၅) (က) နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၁၀) ရက်နေ့ထုတ်ဝေသော အမိန့်ကြေငြာချက် (၅) အရ မြန်မာနိုင်ငံသို့ ခွင့်ပြုချက် (သို့မဟုတ်) မှတ်ပုံတင် ကဒ်ပြားများ တစ်စုံတစ်ရာ မလိုပဲလွတ်လပ်စွာ ဝင်ရောက်နိုင်သည်။ သို့လင့်ကစား၊ အဆိုပါလူထုများ ဝင်ရောက် လာချိန်တွင် ရေလမ်းခရီး၊ လေလမ်းခရီးတို့မှ သွားရေးလာရေး အဆင်ပြေစေရန် သက်သေခံကဒ်ပြား တစ်ခုထုတ်ပေးရန်လိုအပ်ပါသည်။

၂။ ပေးပို့ထားသည့် နမူနာသက်သေခံကဒ်ပြားများကား မြန်မတိုင်းရင်းသား (ရခိုင်လူမျိုး) များ၏ လျှောက်ထားချက်အရ ထုတ်ပေးရမည်။ အဆိုပါကဒ်ပြားများမှာ ရိုက်နေဆဲဖြစ်၍ ပို့ပေးမည်ဖြစ်ပါသည်။

၃။ ပြောင်းရွှေ့လာကြသော အဆိုပါလူမျိုးများသည် ဘင်္ဂလားတွင် မွေးဖွားပြီး အိန္ဒိယ၊ ပါကစ္စတန်၌ နေထိုင်ကြသူများ ဖြစ်လင့်ကစား မြန်မာနိုင်ငံ၏ ဥပဒေအရ သံသယကင်းရှင်းစွာ မြန်မာနိုင်ငံသားဖြစ်သည့် လူမျိုးဆိုင်ရာ မြန်မာတိုင်းရင်းသားအဖြစ် ငုတ်လျှိုးနေခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ဖက်နိုင်ငံရှိ ရခိုင်ဗုဒ္ဓဘာသာများကို မြန်မာ့တိုင်းရင်းသား မျိုးနွယ်မှ ဆင်းသက်လာသူများဖြစ်သည်ဟု အသိအမှတ်ပြုထားသည်ဖြစ်၍ ထိုသူတို့အား နှစ်ပြည်ထောင်သားအဖြစ် အသိအမှတ်ပြုထားသည်။ ထိုလူတို့သည် မိခင်မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လာသည်ရှိသော်ထိုဒေသ၏ တိုင်းရင်းသားအဖြစ်သည် အလိုအလျောက် ပပျောက်ပြီးလျှင် မြန်မာတိုင်းရင်းသားအဖြစ်အလိုအလျောက်ဖြစ်လာရသည်။ ၎င်းတို့အား သေချာကျနစွာ စစ်ဆေးပြီး၊ ဘင်္ဂလားမှပြန်လာသော ရခိုင်ဗုဒ္ဓဘာသာများအား သက်သေခံကဒ်ပြားများ ထုတ်ပေးရန်ဖြစ်သည်။

၄။ တစ်စုံတစ်ဦးအတွက်မဆိုပါ မြန်မာနိုင်ငံတိုင်းရင်းသား လျှောက်မှုကိစ္စနှင့် ပတ်သက်၍ သံသယတစုံတရာ ပေါ်ပေါက်ခဲ့သော် ထိုကိစ္စများကို လူဝင်မှုကြီးကြပ်ဌာနမှ ညွှန်ကြားထားသည့် သံသယပြစ်မှုဆိုင်ရာ ညွှန်ကြားချက်အတိုင်း လူဝင်မှုဌာနမှ ဆုံးဖြတ်ရမည်ဖြစ်သည်။

(ပုံ)

(ဘဆိုင်)
လူဝင်မှုကြီးကြပ်ရေးမင်းကြီး
ရန်ကုန်၊ မြန်မာပြည်

မိတ္တူကို -

- အတွင်းဝန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၆-၁၂-၄၇ နေ့ ရက်စွဲပါ စာအမှတ် အမ်အပ်ဖ်အေ ၄၇ အရေး ဆောင်ရွက်နိုင်ရန် ပေးပို့ပါသည်။
- ခရိုင်ရဲဝန်ထောက် (နိုင်ငံခြားစုံစမ်းရေး) မှူခင်းစုံးစမ်းရေးဌာန
- လူဝင်မှုအရာရှိများနှင့် စစ်ဆေးရေးမှူးများ

ဝင်းတင် ၊ လ-ဝ-က

# မိတ္တုမှန်

*****

၁၉၈၇ ခုနှစ် "နဂါးမင်းစစ်ဆင်ရေးကာလ"တွင် အိမ်ထောင်စုပေါင်း ၂၅၉၀ အိမ်ထောင်လူဦးရေ ၁၅၆၉၀ ကို မိခင်နိုင်ငံ ဘင်္ဂါလားဒေ့(ရှ်) သို့ ပြန်ပို့ခဲ့ပါသည်။ မိခင်နိုင်ငံက လက်မခံခဲ့ပါ။ အကြောင်းအမျိုးမျိုး ကို ထောက်ထား၍ "ဟသ်ာ" စီးမံကိန်းဖြင့် (၁၇) ကြိမ်တိုင်တိုင် တရားဝင် ပြန်လည်လက်ခံခဲ့ရာတွင် (၂) ဆမက များလာသည်ကို ထိုဒေသတွင် နေထိုင်သူများပို၍သိပါသည်။

ထို့ကြောင့် သူတို့အပြောအရ မောင်တော၊ ဘူသီးတောင်၊ ရသေ့တောင်၊ စစ်တွေမြို့များတွင် နေထိုင်လျက်ရှိကြသော 'ဂိုဟင်ဂျာ' များကို မြန်မာအစိုးရက မောင်းထုတ်လိုက်သည်ထားပါဦး . . . ။ သူတို့ မိခင် နိုင်ငံ ဘင်္ဂါလားဒေ့(ရှ်) အစိုးရသည် မည်သည့်နည်းနှင့်ပင် ပြန်ရောက်လာသည်ဖြစ်ပါစေ . . . အမိအဘနှင့် တူသော နိုင်ငံအစိုးရသည် လက်မခံနိုင်စရာ အကြောင်းမရှိပါ။ မောင်းထုတ်လိုက်သော ဖြစ်ရပ်က နံပါတ် (၂) ပါ မိခင်နိုင်ငံအစိုးရက လက်ခံရမည်မှာ နံပါတ် (၁) ဖြစ်ပါသည်။ အမိနိုင်ငံက လက်မခံ၍ ရိုဟင်ဂျာ ဒုက္ခသည်များ နေစရာမရှိ ဒုက္ခဘကြောင့် ရောက်နေရသည်ကို ပထမဆုံးတွေးခေါ် မျှော်မြင်တတ်ရန် လွန်စွာအရေးကြီးသော အချက်တစ်ချက်ဖြစ်ပါသည်။

ဂိုဟင်ဂျာလူမျိုးစုတွင် -

- ဘာသာတူ
- စကားတူ
- ယဉ်ကျေးမှုတူ အမိနိုင်ငံရှိပါသည်။ နိုင်ငံမဲ့ လူမျိုးစုမဟုတ်ပါ . . . . ။

နှစ်ပေါင်း ၁၉၄၈ နှစ် ကျော်ခန့် နိုင်ငံမဲ့ဖြစ်နေသော ဂျူးလူမျိုးများပင် နောက်ဆုံး သူတို့နယ်မြေ သို့ အမှန်တကယ်ရောက်လာခဲ့သော သာဓကရှိပါသည်။

ရခိုင်ပြည်နယ်ရောက် ရိုဟင်ဂျာများသည် မြန်မာနိုင်ငံတွင် နေထိုင်ကြသည်မှာ သူတို့အပြော၊ အဖက်ဖက်က အဆင်မပြေလျှင် အမိနိုင်ငံ ဘင်္ဂလားဒေ့(ရှ်)သို့ ပြန်ရုံသာရှိပါသည်။ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံများသို့ ရေလမ်းခရီးဖြင့် သက်စွန့်ဆံဖျား ထွက်လာစရာ အကြောင်းမရှိပါ။ တတိယကမ္ဘာရှိ နိုင်ငံတနိုင်ငံသို့ ဒုက္ခသည်အဖြစ် ခိုလှုံခွင့်တောင်းရန် အကြောင်းအမျိုးမျိုးပြပြီး နိုင်ငံမရှိဖြစ်နေရသည်ဟု ကမ္ဘာ သိအောင်ငိုပြနေခြင်းမှာ အဓိပ္ပါယ်လုံးဝမရှိပါ။

(ဤဆောင်းပါးသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ မည်သည့် အဖွဲ့အစည်းနှင့်မှ အကျုံးဝင် ပတ်သက်မှု မရှိပါ၊ စာရေးသူ)

အေးသိန်း